# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 14 , 2022 Volume 60, Number 9


၁၄.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၆.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၇.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၇၅.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၆.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၄၉၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦး အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့တွင် ကျင်းပခဲ့သည့် အိန္ဒိယကုန်သည်ကြီးများအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်



https://www.commerce.gov.mm

အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များ အသင်း (*Indian Chamber of Commerce*–ICC) ၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့၊ ITC Sonar Hotel တွင် ကျင်းပပြုလုပ်ခဲ့သည့် "အိန္ဒိယကုန်သည်ကြီးများအသင်း နှစ်ပတ်လည်စုံညီ အစည်းအဝေး"သို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ပါသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားအား အိန္ဒိယနိုင်ငံ စံတော်ချိန်(၁၇:၀၀)နာရီမှ စတင်ခဲ့ရာ အဆိုပါစုံညီအစည်းအဝေးသို့ အိန္ဒိယနိုင်ငံအစိုးရကုန်းလမ်းပို့ဆောင်ရေး၊ အဝေးပြေးလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး အငြိမ်းစား ဗိုလ်ချုပ်ကြီး Dr.V.K. Singh (Retd.) ၊ ပြည်ပရေးရာနှင့်ပညာရေးဝန်ကြီးဌာန ဝန်ကြီး Dr. Rajkumar Ranjan Singh၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ အိန္ဒိယကုန်သည်ကြီးများအသင်း (Indian Chamber of Commerce – ICC) ဥက္ကဋ္ဌ Mr. Pradeep Sureka ဦးဆောင်သော အိန္ဒိယကုန်သည်ကြီးများအသင်းမှတာဝန်ရှိသူများ၊ အိန္ဒိယကုန်သည်များနှင့် ရင်းနှီးမြှုပ်နှံသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ မြန်မာ–အိန္ဒိယကုန်သွယ်ဆက်ဆံရေး(Special Session on India–Myanmar Trade Relations) ဆွေးနွေးမှုအပိုင်းတွင် ပြည်ထောင်စုဝန်ကြီးမှ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးမှပြောကြားရာတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ ကုန်သွယ်မှုပိုမိုတိုးတက်စေရေးအတွက် နှစ်နိုင်ငံငွေကြေးများကို သုံးစွဲနိုင်ရေးကိစ္စများ၊ နှစ်နိုင်ငံကြားချုပ်ဆိုထားသော ပဲစင်းငုံနှင့်မတ်ပဲရောင်းဝယ်ရေးစာချုပ်တွင် ပဲတီစိမ်းနှင့် အခြားပဲအမျိုးအစားများပါ ထည့်သွင်းနိုင်ရေး၊ နှစ်နိုင်ငံကုန်စည်ပွဲများ ကျင်းပနိုင်ရေးနှင့် နှစ်ဖက်ကုန်သည်များကြား ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လျက်ရှိသော စီမံကိန်းအခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပူးတွဲကော်မတီများနှင့် နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ အစရှိသည့် ဆက်သွယ်မှုယန္တယားများ ပိုမိုရင်းနှီးခိုင်မာအောင်တည်ဆောက်ရေးနှင့် နှစ်နိုင်ငံကြားတွင် နိုင်ငံတကာ၊ ဒေသတွင်း

နှင့်နှစ်နိုင်ငံချင်း စသည့်အလွှာအလိုက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။ စုံညီအစည်းအဝေး ပြီးဆုံးပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယကုန်သည်ကြီးများအသင်း (Indian Chamber of Commerce – ICC) မှ တည့်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်အတူ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့ နံနက် (၁၁:၀၀)အချိန်တွင် ကော်လ်ကတ္တားမြို့၊ JW Marriot Hotel တွင် ကျင်းပသည့် အိန္ဒိယနိုင်ငံစက်မှုထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးကောင်စီ (Engineering Export Promotion Council – EEPC) ဖိတ်ကြားခဲ့သော ကုန်သွယ်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် EEPC India အဖွဲ့အစည်း၏ ဥက္ကဋ္ဌ Mr.Arun Kumar Garodia၊ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုကော်မတီ ဥက္ကဋ္ဌ Mr.Tsuhar Shah နှင့် ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌMr. Binod Sadra နှင့်အတူ အသင်းဝင်စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများတက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေနှင့် အလားအလာများ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး အလားအလာများ၊ ကျပ်နှင့်ရူပီးများကို နှစ်နိုင်ငံကုန်သွယ်မှုတွင် သုံးစွဲနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သည်များအနေဖြင့် *Asian Clearing Union* (ACU) ငွေပေးချေမှုယန္တရားကို အသုံးပြု၍ ကုန်သွယ်မှုဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများမှ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့ (၁၄:၀၀) အချိန်၊ ကော်လ်ကတ္တားမြို့၊ Bangal Club တွင် အိန္ဒိယပို့ကုန်အဖွဲ့ချုပ် (Federation of Indian Export Organization–FIEO)မှ ဖိတ်ကြားခဲ့သော နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်စေရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ FIEO ဥက္ကဋ္ဌ Mr. Yogesh Gupta နှင့်အတူ အဖွဲ့ဝင်များ၊ အိန္ဒိယရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး အလားအလာကောင်းများ ဆွေးနွေးပြောကြားခဲ့ပြီးနောက် အိန္ဒိယကုန်သည်လုပ်ငန်းရှင်များ သိရှိလိုသည်များကို ဖြေကြားပေးခဲ့ပါသည်။ ဆက်လက်၍ (၁၅:၃၀) အချိန်တွင် အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ Mr. Vishal Singh မှ ပြည်ထောင်စုဝန်ကြီးအား ကော်ကတ္တားမြို့၊ BangalClupဧည့်ခန်းမဆောင်၌ ဂါဝရပြုလာရောက်တွေ့ဆုံခဲ့ပါသည်။ ထိုသို့ တွေ့ဆုံရာတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ အထူးသဖြင့် ပဲမျိုးစုံများကို အိန္ဒိယနိုင်ငံမှ ပိုမိုဝယ်ယူပေးနိုင်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်အတူ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့အခြေစိုက် စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသော၊ မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု ပိုမိုမြှင့်တင်ရန်စိတ်ဝင်စားသော ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့မှ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ပဏာမရှင်းလင်းပြောကြားခဲ့ပြီးနောက် အိန္ဒိယကုန်သည်များအသင်းမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr. Ragaeev Singh မှ အိန္ဒိယနိုင်ငံမှ တက်ရောက်လာသော ကုန်သည်လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ တစ်ဦးချင်းအား မိတ်ဆက်ပေးခဲ့ပါသည်။ ထိုနောက် အိန္ဒိယကုန်သည်လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ကဏ္ဍအသီးသီးမှ စုစုပေါင်းကုမ္ပဏီ (၁၅) ခု ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:**https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8

## ဒုတိယဝန်ကြီးဦးညွန့်အောင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ပို့ကုန်လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် အစည်းအဝေးသို့တက်ရောက်

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့၊ (၁၄:၀၀)နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်သည့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ပို့ကုန်လျာထားချက်အပေါ်



https://www.commerce.gov.mm

အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လထိ ပို့ကုန်လျာထားချက် ပြည့်မီအောင် ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ ဝိုင်းဝန်းဆွေးနွေး အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ၏ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:**https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%9B-

## မြန်မာ့ထုတ်ကုန်များကို နိုင်ငံတစ်ကာဈေးကွက်နှင့်ချိတ်ဆက်ပေးမည့် စီးပွားရေးသံမှူးများ

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများဖိတ်ခေါ်၍ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ ပို့ဆောင်ချိတ်ဆက်ပေးနိုင်ရန် ပြည်ပနိုင်ငံ(၁၂) နိုင်ငံသို့ စီးပွားရေးသံမှူးများ ပြန်လည်စေလွှတ်တော့မည်ဟုသိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမတွင် ပြည်ပနိုင်ငံ (၁၂) နိုင်ငံသို့ ပြန်လည်စေလွှတ်တော့မည့် စီးပွားရေးသံမှူး (၁၆) ဦးအတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်တွေ့အသုံးချရေးအတွက် သင်တန်းပေးခဲ့သည်ဟုသိရှိရပါသည်။

နိုင်ငံတစ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များ အဘက်ဘက်နှင့်ထောင့်ပေါင်းစုံလိုအပ်လျက်ရှိရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများသည်လည်း အဓိကလိုအပ်ချက်တစ်ခုတွင် ပါဝင်နေမည်ဖြစ်ပါသည်။ မိမိတိုင်းဒေသအတွင်း ထွက်ရှိသည့်ထွက်ကုန်များ၊ အမယ်သစ်ထုတ်ကုန်များ၊ ထုတ်လုပ်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ ဈေးကွက်ထိုးဖောက်၍ ဈေးကွက်ရရှိရန်၊ ဈေးကွက်ချိတ်ဆက်ပေးနိုင်ရန်၊ ကုန်သွယ်မှုနှင့်ပတ်သက်သည့်လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပြီး နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရန်လိုအပ်ခြင်းကြောင့် နိုင်ငံတော်မှ ကုန်သွယ်မှုပြုလုပ်လိုသည့် ပြည်ပနိုင်ငံများသို့ စီးပွားရေးသံမှူး (၁၆)ဦးအား ပြန်လည်စေလွှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

မိမိတိုင်းဒေသကြီး/ပြည်နယ်များရှိ ပို့ကုန်အလားအလာရှိသော ထွက်ကုန်များ၊ ထုတ်လုပ်ကုန်ပစ္စည်းများ၊ အမယ်သစ်ထွက်ကုန်များကို ကုန်ကြမ်းအဆင့်ဖြင့် နိုင်ငံခြားသို့တင်ပို့ပါက ဈေးအနည်းငယ်သာရရှိပြီး သွင်းအားစုကုန်ကျစရိတ်နှင့်ချင့်ချိန်ပါက အကျိုးအမြတ်အနည်းငယ်ရရှိမည်ဖြစ်ပါသည်။ ထွက်ကုန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် နိုင်ငံတကာမှ လက်ခံနိုင်သော ထုပ်ပိုးမှု၊ အရည်အသွေး၊ အရည်အချင်းရှိသည့် တန်ဘိုးမြင့်ထုတ်ကုန်များထုတ်လုပ်၍ မိမိပို့လိုသော ကုန်ပစ္စည်းများကို တင်ပို့လိုသောနိုင်ငံရှိ စီးပွားရေးသံမှူးများနှင့်ချိတ်ဆက်၍ တင်ပို့နိုင်ပါက နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ပြီး ဈေးပိုမိုရရှိကာ အကျိုးအမြတ်များရရှိမည်ဖြစ်ပါသည်။

မိမိထုတ်ကုန်ပစ္စည်းများ ရေရှည်ဈေးကွက်ရရှိရန် ထုတ်ကုန်များကို ထုပ်ပိုးမှု၊ အရည်အသွေး၊ အရည်အချင်းများ ထိန်းသိမ်းရန် အရေးကြီးလိုအပ်မည်ဖြစ်ပါသည်။ အချို့သောလုပ်ငန်းရှင်များသည် မိမိထုတ်ကုန်ဈေးကွက်ရရှိလာပါက အရည်အသွေး၊ အရည်အချင်းများလျော့ချ၍ ဈေးကွက်သို့တင်ခြင်းမျိုးသည် မိမိထုတ်ကုန်ဈေးကွက်ပျောက်ရန် လုပ်ဆောင်မှုမျိုးဖြစ်၍ မလုပ်ဆောင်သင့်ကြောင်း လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတကာရှိ စီးပွားရေးသံမှူးများ၏ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ၊ စီးပွားရေးဆိုင်ရာ အကြံဉာဏ်ပေးချက်များရယူပြီး ဈေးကွက်အလားအလာရှိထုတ်ကုန်များကို ကုန်သွယ်မှုပြုလုပ်လိုပါက စီးပွားရေးလုပ်ငန်းများ အောင်မြင်နိုင်ကြောင်းနှင့် အောင်မြင်ပါက နိုင်ငံအတွက်၊ မိမိအတွက်၊ ဆက်စပ်လုပ်သားများလည်း အကျိုးစီးပွား ရှိနိုင်မည်ဖြစ်ပါသည်။

Source: မနောမြေကုန်သွယ်မှုဇုန်ဌာန

## အောက်တိုဘာလက ပြည်ပသို့ မြန်မာ့ပြောင်းတန်ချိန် တစ်သိန်းခုနစ်သောင်းကျော်တင်ပို့ခဲ့ပြီး ပြည်တွင်းပြောင်းပေါက်ဈေး တစ်ပိဿာကျပ် ၁၁၀၀ ထိ ပေါက်ဈေးဖြစ်လာ



Source: မကွေးဂျာနယ်

မြန်မာ့ပြောင်းများကို ပြီးခဲ့သည့် အောက်တိုဘာလက ပြည်ပသို့တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ တန်ချိန် ၁၇၄၈၇၀ နှင့် တရုတ်နယ်စပ်မှ တန်ချိန်၂၈၇၀ ကျော် စုစုပေါင်းတန်ချိန်ပေါင်း(၁၇၇၀၀၀)ကျော်ဖြစ်ရာ နယ်စပ်မှ တရုတ်ဘက်သို့ တင်ပို့မှုက အနည်းဆုံးဖြစ်ကြောင်းသိရသည်။

အဆိုပါ ပြောင်းတင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၅၂ဒသမ ၃၇၇ သန်းနှင့် နယ်စပ်မှ သုံည ဒသမ ၈၅၅ သန်းဖြစ်ရာ စုစုပေါင်း ၅၃ သန်းကျော်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ "ပြည်တွင်းပြောင်းဈေးက ပြီးခဲ့တဲ့ စက်တင်ဘာမှာ ဈေးတက်လာတယ်။ Export ရှိတော့ ဝယ်လိုအားကြောင့် ဈေးမြင့်လာတာ။ ပြောင်းမှာ အစိုနဲ့အခြောက်ရှိပြီး ဈေးကွာတယ်။ ဝယ်သူတွေက ပွဲရုံအရောက်ဈေးနဲ့ ဈေးပေးတာပါ"ဟု ပြောင်းကုန်သည်တစ်ဦးကပြောသည်။

ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်သို့ ပြောင်းတန်ချိန် ၈၅၈၆၀ ကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ပြီး၊ ဗီယက်နမ်သို့ တန်ချိန် ၇၁၁၁၀ ကျော်၊ ဘင်္ဂလားဒေ့ရှ်သို့ တန်ချိန် ၁၃၅၀၀ ကျော်၊ သီရိလင်္ကာသို့ တန်ချိန် ၃၀၀၀ ကျော်၊ တရုတ်သို့ တန်ချိန် ၇၈၀ ကျော်၊ မလေးရှားသို့ တန်ချိန် ၆၀၀ ကျော်နှင့် ဟောင်ကောင်သို့ တန်ချိန် ၁၀၀ နီးပါးတင်ပို့ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလက ပြောင်းတစ်ပိဿာ ၁၀၀၀ ကျပ်ဝန်းကျင်မှ နိုဝင်ဘာလ ပထမပတ်တွင် တစ်ပိဿာ ၁၁၀၀ ကျပ်ဝန်းကျင်သို့ ရောက်ရှိလာကြောင်း၊ ရှမ်းပြောင်းနှင့် CP ပြောင်းဟူ၍ရှိပြီး ရှမ်းပြည်နယ်နှင့်မန္တလေးအနီးတဝိုက်မှ စိုက်ပျိုးထွက်ရှိပြီး မန္တလေးကုန်စည်ဒိုင်မှတဆင့် Export တင်ပို့မှုများရှိကြောင်းသိရသည်။

Source: **မကွေးဂျာနယ်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန်တစ်သိန်းအထိ တင်ပို့နိုင်ရန် ဆောင်ရွက်လျှက်ရှိ

မြန်မာနိုင်ငံမှ ထွက်ရှိသည့်ဆန်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ဆန်တန်ချိန် ၂ သိန်း တင်ပို့ရေး ဆန်ရောင်းဝယ်မှုဆိုင်ရာ G 2 G စာချုပ်အရ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန် ၁ သိန်း တင်ပို့ရန် ဆောင်ရွက်လျှက်ရှိကြောင်း သိရသည်။

ဆန်တန်ချိန် ၂ သိန်းအနက် တစ်ချို့တစ်ဝက်အား ရန်ကုန်ဆိပ်ကမ်းမှလည်း တင်ပို့လျက်ရှိပြီး ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းမှလည်း ဆန်တန်ချိန် ၃ သောင်းမှ ၁ သိန်းအထိ ဒေသတွင်းရှိ စပါးနှင့်ဆန်ပိုလျှံမှုပေါ်မူတည်၍တင်ပို့ရန် ဆောင်ရွက်လျှက်ရှိခြင်းဖြစ်သည်။

လက်ရှိအချိန်၌ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာနိုင်ငံထွက် ဒ့ေမထဆန်တန်ချိန် ၂၆၅၀ အား တင်ပို့ရန် သင်္ဘောပေါ်သို့ ဆန်အိတ်များတင်ဆောင်လျှက်ရှိကာ ယခုအကြိမ်သည် တတိယမြောက်တင်ပို့ခြင်း ဖြစ်ကြောင်း သိရသည်။

ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ နိုဝင်ဘာ ၂ ရက်တွင် ဆန်တန်ချိန် ၂၆၅၀ တန်၊ နိုဝင်ဘာ ၇ ရက်တွင် ဆန်တန်ချိန် ၂၆၁၅ တန်တင်ပို့ခဲ့ပြီးဖြစ်ကာ ယခုတတိယအကြိမ် ဆန်တင်သင်္ဘောမှာလည်း မကြာမီအချိန်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ရန်ကုန်ဆိပ်ကမ်းမှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ဧရာဝတီတိုင်းမှတဆင့် ရန်ကုန်သို့ တင်ပို့ရပြီး သယ်ယူပို့ဆောင်ခနှင့် အလုပ်သမားခများ ကုန်ကျမှုကြောင့် ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ တိုက်ရိုက်တင်ပို့ခြင်း ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=91766

## ၂၀၂၂ ခုနှစ် မိုးစပါးနှင့် ၂၀၂၃ ခုနှစ် နွေစပါးအတွက် စပါးတင်း ၁၀၀ လျှင် အခြေခံရည်ညွှန်းစပါးဈေး ကျပ် ၆၃၀၀၀၀ သတ်မှတ်ကြောင်းထုတ်ပြန်

၂၀၂၂ ခုနှစ် မိုးစပါးနှင့် ၂၀၂၃ ခုနှစ် နွေစပါးအတွက် စပါးတင်း ၁၀၀ လျှင် အခြေခံရည်ညွှန်းစပါးဈေး ကျပ် ၆၃၀၀၀၀ သတ်မှတ်ကြောင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က ထုတ်ပြန်ခဲ့သည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်စွဲဖြင့် ကြေညာချက်အမှတ်(၁/၂၀၂၂) အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျပ် ၆၃၀၀၀၀ သတ်မှတ်ခဲ့သည်။

ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်သည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၂ ခုနှစ် မိုးစပါးနှင့် ၂၀၂၃ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် (ဖုန်း-၀၁- ၂၃၀၁၁၂၈၊ ၀၁-၂၁၈၂၆၆)သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/240267

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုဝင်ဘာ ၄ ရက်အထိ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၄၂၇ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၄၅ သိန်းကျော်လျော့ကျ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုဝင်ဘာ ၄ ရက်အထိ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၄၂၇ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၄၅ သိန်းကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ နိုဝင်ဘာ ၄ ရက်အထိ ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၄၂၇ ဒသမ ၆၂၇ သန်း ရရှိခဲ့သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) နိုဝင်ဘာ ၄ ရက်အထိ ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၄၂၇ ဒသမ ၇၇၂ သန်း ရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုနှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် နိုဝင်ဘာ ၄ ရက်အထိမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ သုည ဒသမ ၁၄၅ သန်း လျော့ကျခဲ့ကြောင်း သိရသည်။

နှစ်အလိုက် ပြည်ပသို့ ရေထွက်ပစ္စည်း တင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၇၃၂ဒသမ ၁၅၆ သန်း၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၈၅၈ ဒသမ ၉၆၀ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၇၈၅ ဒသမ ၀၂၁ သန်း၊ ၂၀၂၁-၂၀၂၂ ( Mini Budget) ကာလအတွင်း ဒေါ်လာ ၄၈၁ ဒသမ ၆၅၇ သန်း ရရှိခဲ့သည်။

မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ နှစ်စဉ်တင်ပို့လျှက်ရှိပြီး အသားကဏ္ဍအနေဖြင့် လက်ရှိတွင် တိရစ္ဆာန်အရှင်များကိုသာ အိမ်နီးချင်းနိုင်ငံသို့ နယ်စပ်မှတစ်ဆင့် အဓိကတင်ပို့လျှက်ရှိသည်။

ပုစွန်မွေးမြူရေးကို စီးပွားဖြစ်ဆောင်ရွက်ရာတွင် ပုစွန်သားပေါက်များအား အိမ်နီးချင်းပြည်ပနိုင်ငံမှ ဝယ်ယူတင်သွင်းနေရသည့်အတွက် မြန်မာနိုင်ငံအတွင်း၌ ပုစွန်သားပေါက် ထုတ်လုပ်နိုင်ရေးကို အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျှက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၁ လအတွင်း ရေချိုရေငန်ငါးပုစွန်ထုတ်လုပ်မှုအနေဖြင့် တန်ချိန် ၅၃၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး ရေငန်ငါးဖမ်းလုပ်ငန်းမှ တန်ချိန် ၂၈၀၀ ကျော်ဖြင့် အများဆုံးထုတ်လုပ်ထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဩဂုတ်အထိ မွေးမြူရေးလုပ်ငန်းများမှ ၁၀၅၅ ဒသမ ၆၆ တန်၊ အင်းလုပ်ငန်းမှ ၂၉၅ ဒသမ ၄၀ တန်၊ ဘုံငါးဖမ်းလုပ်ငန်းမှ ၁၁၂၀ ဒသမ ၇၄ တန်နှင့် ရေငန်ငါးဖမ်းလုပ်ငန်းမှ ၂၈၄၄ ဒသမ ၈၃ တန်အထိ ထုတ်လုပ်ထားခြင်းဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မွေးမြူရေးလုပ်ငန်းများမှ ၁၁၂၁ ဒသမ ၃၅ တန်၊ အင်းလုပ်ငန်းမှ ၃၃၉ ဒသမ ၃၆ တန်၊ ဘုံငါးဖမ်းလုပ်ငန်းမှ ၁၂၆၀ ဒသမ ၆၉ တန်နှင့် ရေငန်ငါးဖမ်းလုပ်ငန်းမှ ၃၂၄၉ ဒသမ ၇၀ တန်အထိ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လအတွင်း မွေးမြူရေးလုပ်ငန်းများမှ ၄၉၅ ဒသမ၄၉ တန်၊ အင်းလုပ်ငန်းမှ ၁၂၂ ဒသမ ၇၄ တန်၊ ဘုံငါးဖမ်းလုပ်ငန်းမှ ၅၁၃ ဒသမ ၄၂ တန်နှင့် ရေငန်ငါးဖမ်းလုပ်ငန်းမှ ၁၄၄၉ ဒသမ ၈၀ တန်အထိ ထုတ်လုပ်ထားခြင်းဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မွေးမြူရေးလုပ်ငန်းများမှ ၁၁၃၀ ဒသမ ၃၅ တန်၊ အင်းလုပ်ငန်းမှ ၃၄၁ ဒသမ ၀၂ တန်၊ ဘုံငါးဖမ်းလုပ်ငန်းမှ ၁၂၅၃ ဒသမ ၇၉၅ တန်နှင့် ရေငန်ငါးဖမ်းလုပ်ငန်းမှ ၃၁၅၂ ဒသမ ၁၄ တန်အထိ ထုတ်လုပ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ရာခိုင်နှုန်း ၃၀ ကို လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ရရှိနေပြီး ကျေးလက်နေပြည်သူများ၏ ၆၈ ရာခိုင်နှုန်းက ယင်းကဏ္ဍမှရရှိသော ဝင်ငွေအပေါ် မှီခိုရလျှက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/240296

## ဝါးတန်းကုန်စည်ဒိုင် ဆန်သစ်အဝင်များ ၊ ပြည်ပတင်ပို့ရန် ဆန်ကြမ်းဈေးနှုန်းများ ဆက်တိုက်မြင့်တက်

လက်ရှိတွင် ဝါးတန်းကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်သစ်အိတ်ရေ ၄၀,၀၀၀ မှ ၆၀,၀၀၀ အထိ ဝင်ရောက်လျှက် ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ဆန်အများဆုံး ဝင်ရောက်ကြောင်းသိရသည်။ ပေါ်ဆန်းမွှေးအပါအဝင် ဆန်ချောများ စတင်ရိတ်သိမ်းနေပြီဖြစ်ကာ ဆန်ကြမ်းများ ၄၀ ရာခိုင်နှုန်းခန့် ရိတ်သိမ်းပြီးနေပြီဖြစ်၍ လာမည့်လတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်များဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာမည်ဖြစ်သည်။

ပြည်ပဆန်တင်ပို့မှုအနေနှင့် တစ်လလျှင် ဆန်တန်ချိန် တစ်သိန်းခွဲမှနှစ်သိန်းဝန်းကျင်အထိ တင်ပို့နိုင်စေရန် ပြည်ပကုန်သည်ဝယ်လက်များ၊ နိုင်ငံခြားဈေးကွက်များနှင့် အမြဲမပြတ်ချိတ်ဆက်ဆောင်ရွက်လျှက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာ့ဆန်တန်ချိန် နှစ်သိန်းအဝယ်ရှိနေပြီး၊ အခြားနိုင်ငံများသို့ တင်ပို့မှုများလည်းရှိနေ၍ ပြည်တွင်းဆန်ကြမ်းဈေး ဆက်တိုက်ဈေးမြင့်လာနေကြောင်းသိရသည်။ ပြည်ပသို့ ဆန်ကြမ်းနှင့်ဆန်ကွဲကိုသာ အဓိကထား တင်ပို့နေရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှအောက်တိုဘာလအတွင်း ဆန်ကြမ်းတန်ချိန် ငါးသိန်းကျော်နှင့် ဆန်ကွဲ လေးသိန်းကျော် တင်ပို့မှုရှိခဲ့သည်။

လက်ရှိ ဆန်ကြမ်းအမျိုးအစား ဆင်းသုခမှာ ဆန်သား ၈၅ ရာခိုင်နှုန်းပါသည့် ဆန်တစ်အိတ်လျှင် ၄၂၅၀၀ ကျပ်နှင့် ရတနာတိုးဆင်းသွယ် တစ်အိတ်လျှင် ၄၃၀၀၀ ကျပ်ရှိနေသည်ဟုသိရသည်။ ပြီးခဲ့သည့် အောက်တိုဘာထက် ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပါသည်။

**Source: MDN**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5287-rice.html

## STOCK EXCHANGE (14.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +200 | +2.22% | 9,100 | 9,200 | 9,000 | 2,931 | 26,493,600 | 33,109,694 | 304,609 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,350 | 3,400 | 3,350 | 5,005 | 17,011,750 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 20 | 154,000 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,000 | 19,000 | 19,000 | 5 | 95,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 1,449 | 3,912,300 | 12,823,224 | 34,623 |
| EFR | 00006 | 2,750 | +150 | +5.77% | 2,700 | 2,750 | 2,700 | 103 | 278,200 | 19,977,223 | 54,937 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 4,900 | 201 | 1,004,900 | 10,497,598 | 52,488 |

### Market summary

As of 14th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.88 | +5.06 | +1.26% | 400.85 | 405.88 | 400.14 | 9,714 | 48,949,750 | 7 | 706,073 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 14th Nov. 2022

| MYANPIX | 405.88 ▲ 5.06 |
|---|---|
| Total Volume (shares) | 9,714 |
| Total Value (MMK) | 49 mil |
| Listed Company | 7 |
| Market Cap. (MMK) | 706,073 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 200 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 2,750 | ▲ 150 |
| AMATA | 00007 | 5,000 | ▲ 100 |

TIR